လေးမျက်နှာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၂၃-၂၀၂၄)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကွင်းကြီးကျေးရွာ၊ ကွင်းကြီးကျေးရွာအုပ်စု၊ လေးမျက်နှာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ

**မာတိကာ**


| | | |
|---|---|---|
| မာတိကာ | | ၁ |
| စကားချီး | | ၅ |
| ကွင်းကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ လေးမျက်နှာမြို့နယ် | | ၇ |
| ကွင်းကြီးကျေးရွာ အဖွဲ့အစည်း ချိတ်ဆက်မှုပြ ဇယား | | ၈ |
| ကွင်းကြီးကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန် | | ၉ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | | ၁၀ |
| **(၁)** | **နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** | ၁၀ |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| **(၂)** | **ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** | ၁၂ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| | (ခ) သဘာဝအရင်းအမြစ်များ | |
| **(၃)** | **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** | ၁၃ |
| | (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| | (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| | (ဃ) ကျန်းမာရေး နှင့် အာဟာရ | |
| | (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| | (စ) ကျားမဆိုင်ရာဆက်နွယ်မှု | |
| **(၄)** | **ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** | ၁၅ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| | (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| | (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| | (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| | (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး | |
| | (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈**

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉**

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၉**

**အပိုင်း (ခ) စီမံကိန်းဆိုင်ရာအချက်အလက်များ**

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၁**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၅**

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၃၇**

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၉**

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း

(၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(၁၁-၃) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၄၃**

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စု

များ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှု များ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ငန်းများ အတွက်အခွင့် အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** **၈၈**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)- **၉၀**

**ကိုးကားစာရင်း** **၁၀၀**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုး ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီ မှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊

ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဇွန် လ၊ ၂၀၂၃ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကွင်းကြီးကျေးရွာ၊ ကွင်းကြီးကျေးရွာအုပ်စု
လေးမျက်နှာမြို့နယ်

## ကွင်းကြီးကျေးရွာအုပ်စု၊ ကွင်းကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ လေးမျက်နှာမြို့နယ်



ကွင်းကြီးကျေးရွာအုပ်စု၊ ကွင်းကြီးကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုဇယား လေးမျက်နှာမြို့နယ်



# ကွင်းကြီးကျေးရွာအုပ်စု၊ကွင်းကြီးကျေးရွာ၏ရာသီခွင်ပြဇယား



ကွင်းကြီးကျေးရွာအုပ်စု၊ ကွင်းကြီးကျေးရွာ၏ ရာသီခွင်ပြဇယား

ကွင်းကြီးကျေးရွာ ကွင်းကြီးအုပ်စု — ရာသီခွင်ပြဇယား — ပါဝင်ဆွေးနွေးသူ ၁၃

| စဉ် | လအမည် | အလုပ်အကိုင် | ရာသီဥတု | ဝင်ငွေ | ပွဲတော် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁. | တန်ခူး | အိမ်ပြင်၊ လယ်အမှိုက်ချ | | - | သင်္ကြန်ပွဲတော် | အလှူ |
| ၂. | ကဆုန် | မျိုးကြဲ၊ လယ်ထွန် | | - | ညောင်ရေသွန်းပွဲတော် | အလှူ |
| ၃. | နယုန် | ကောက်စိုက်၊ မျိုးနှုတ်၊ လယ်ထွန် | | $ | - | - |
| ၄. | ဝါဆို | ကောက်စိုက်၊ မျိုးနှုတ် လယ်ထွန် | | $ | ဥပုသ်စောင့် | သင်္ကန်းကပ် |
| ၅. | ဝါခေါင် | ကောက်စိုက်၊ မျိုးနှုတ် လယ်ထွန် | | $ | ဥပုသ်စောင့် | - |
| ၆. | တော်သလင်း | ပေါင်းကိုင်းထွန် ပေါင်းကိုင်းဖုတ် | | - | ဥပုသ်စောင့် | - |
| ၇. | သီတင်းကျွတ် | မြေပဲကိုင်းထွန်၊ မတ်ပဲကိုင်းထွန် | | $ | ဥပုသ်စောင့် | ကထိန်အလှူ |
| ၈. | တန်ဆောင်မုန်း | စပါးရိတ်၊ ကောက်လှိုင်းစီး၊ ပဲကိုင်းထွန် | | $ | တန်ဆောင်တိုင် မီးထွန်းပွဲ | - |
| ၉. | နတ်တော် | စပါးတလင်းကိုင် ပဲရှင်း၊ ပဲရိတ် | | $ | - | - |
| ၁၀. | ပြာသို | စပါးတလင်းသိမ်း တောင်ပဲသိမ်း | | $ $ | - | - |
| ၁၁. | တပို့တွဲ | မတ်ပဲ၊ ပဲတီစိမ်း ရိတ်သိမ်း | | $ $ | ထမနဲထိုးပွဲ | - |
| ၁၂. | တပေါင်း | မတ်ပဲ၊ ပဲတီစိမ်း ရိတ်သိမ်း | | $ $ | ဘုရားပွဲ တရားပွဲ | - |

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စု၊ ကွင်းကြီး ကျေးရွာသည် အိမ်ခြေနှင့် လူဦးရေ များပြားသော်လည်း ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေခြင်းကြောင့် ဤအစီအစဉ်တွင်ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ် သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက် အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်း ပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ သို့သော် အလွယ်တကူတက်ကျွမ်းမှု မရှိ၍ စီစဉ်ဆောင်ရွက်ရာတွင် ခက်ခဲပါသဖြင့် မိမိတို့ ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစု တင်ပြသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ် စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိ အောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

## အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှူဒါန်းမည်ဆိုပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။ လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်း အသေးစားများဖြစ်၍ လူထုမှလည်း ထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

### ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကွင်းကြီးကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စုအတွင်းတည်ရှိပြီး ပုသိမ်-မုံရွာ ကားလမ်းမကြီးဘေး ၃မိုင် ၃ဖာလုံ အကွာတွင် တည်ရှိသဖြင့် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပါသည်။ ရာသီဥတုမှာ ပုံမှန်အနေအထားရှိပြီး မြေပြန့်ဒေသတွင်တည်ရှိ၍ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာ၏ ဘေးပတ်လည် တွင် လယ်ကွင်းများ၊ ချောင်းနှင့် အခြားကျေးရွာများရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် မိုးစပါးနှင့် ဆောင်းစပါးကို အဓိက စိုက်ပျိုးကြပါသည်။ မိုးစပါးအတွက် မိုးရေနှင့် ဆောင်းစပါးအတွက် ကိုယ်ပိုင်လက်တူးတွင်းများမှ ရရှိသောရေဖြင့် စိုက်ပျိုးကြပါသည်။ ကျေးရွာအနီးချောင်းမှရရှိသော ချောင်းရေဖြင့် စိုက်ပျိုးကြသူများလည်းရှိပါသည်။ ကျေးရွာအတွင်း လယ်ယာမြေ

ကေပေါင်း (၃၆၅) ကေခန့် ရှိပြီး လယ်မြေ (၃၅၀) ကေခန့်၊ ဥယျာဉ်ခြံ (၅) ကေခန့်၊ စားကျက်မြေ (၁၀) ကေခန့်တို့ဖြစ်ပါသည်။မြေဆီသြဇာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝတွင်း ထွက်သယံဇာတများမရှိပါ။ သဘာဝတိရိစ္ဆာန် မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးသွားပြီ ဖြစ်ပါသည်။ ကြက်၊ ဝက်၊ ဘဲများကိုသာ တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ ဆေးဖက်ဝင် အပင်များ အသင့်အတင့်ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၄၃) စုနှင့် ကျား (၂၆၉) စု၊ မ (၂၇၆) ဦးဖြင့် လူဦးရေပေါင်း (၅၄၅) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၃) ဦးနှုန်းခန့်ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးနှုန်းထက် လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာ၊ ကရင် လူမျိုးများ အများစုနေထိုင်ကြပြီး အလုပ် လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၃.၃% ခန့်ရှိပြီး အမျိုးသား/ အမျိုးသမီးဦးရေ စုစုပေါင်းအရေအတွက် အလွန်ကွာခြားမှု မရှိသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်း၊ ဈေးရောင်းခြင်း၊ ဝန်ထမ်း၊ ဒိန်းဒေါင်းမောင်း၊ စက်ချုပ်ခြင်း၊ ၊ မွေးမြူရေး၊ လက်သမား/ ပန်းရံ၊ အထည်ချုပ်စက်ရုံလုပ်သားနှင့် နေ့စားလုပ်သားများဖြစ်ကြပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်သာရှိပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် မိမိတို့ရွာအနေအထားဖြင့်ကြည့်သော် အိမ်ထောင်စုအားလုံး၏ ၅၁.၀၅% ခန့်သည် ဆင်းရဲနှင့် အလွန် အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး ၁၃.၉၈% သည် အဆင်ပြေသည့်အဆင့်၊ ၃၄.၉၇% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်သည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုအနည်းငယ်ရှိသဖြင့် ကျေးရွာစီးပွားရေး အနေအထားမှာ အနည်းငယ်ကောင်းမွန်ပါသည်။ ဆင်းရဲအဆင့်တွင် လက်လုပ်လက်စားကျပန်းများ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် (၅၂.၄၅%) ခန့်ထိရှိကာဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများလည်းပါဝင်ကြသည်။ ကေ အနည်းငယ် မျှသာ ပိုင်ဆိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက်မှာ နှစ်ပုံတစ်ပုံကျော်ရှိပြီး လက်လုပ်လက်စား၊ ကျပန်းလုပ်သားများလည်းပါဝင်ပါသည်။ ရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက် လုပ်ကိုင်ကြပြီး ဈေးရောင်းခြင်း၊ ပန်းရံ၊ မွေးမြူရေးလုပ်ငန်းနှင့် နေ့စားအလုပ်များ လုပ်ကိုင်စားသောက် ကြပါသည်။ ထိုသူများတွင် ဆင်းရဲနွမ်းပါးသူ ကျပန်းလုပ်သားများလည်း ပါဝင်ပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု၏ ၃၀% ဖြစ်သော အိမ်ထောင်စု (၂၆) စုအား လေ့လာဆန်းစစ်မှု အရ ယင်းတို့အားလုံး၏ ၅၇.၇ % ခန့်မှာ သူတပါးထံမှ မချေးမငှားပဲ ၃ လ အောက်သာ ဝမ်းစာဖူလုံမှုရှိ ကြောင်း၊ ၂၃.၁% ခန့်မှာ သူတပါးထံမှ မချေးမငှားပဲ ၃ လမှ ၆ လအထိသာ ဝမ်းစာဖူလုံမှုရှိကြောင်းနှင့် ကျန် ၁၉.၂% ခန့်မှာ သူတပါးထံမှ မချေးမငှားပဲ ၆ လမှ ၁၂ လ အထိ ဝမ်းစာဖူလုံမှုရှိကြောင်း တွေ့ရှိ ရသည်။ ချေးငွေအများစုကို ဆွေမျိုးများ/ မိတ်ဆွေများ၊ ချနှင့် စိုက်ပျိုးရေးချေးငွေများချေးယူကာလုပ်ငန်းအရင်းအနှီး၊စားသုံးရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိက သုံးစွဲကြပြီး ပညာရေးနှင့် အခြားကိစ္စရပ်များအတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မြေယာမဲ့ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားကျပန်းများနှင့် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ ဖြစ်ပါသည်။ ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် သဘာဝဘေးအန္တရယ်ကြောင့် မိုးရာသီများတွင် ချောင်းရေကြီးမှုကြောင့် လယ်များပျက်စီးခြင်း၊ လမ်းများပျက်စီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် အပူအအေးလွန်ကဲခြင်း၊ မပြေလည်သော အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာ အခက်အခဲ နှင့် တိရိစ္ဆာန် ရောဂါကျ ရောက်မှု အနည်းငယ်ရှိခြင်းတို့ဖြစ်ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကလေး ငယ်အများစုသည် ကျန်းမာကြသော်လည်း တခါတရံ ရာသီအကူးအပြောင်းကြောင့် ရာသီတုပ်ကွေး ဖြစ်ပွားမှုများနှင့် မိုးရာသီတွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုများရှိတက်ပါသည်။ အမျိုးသမီး၊ လူငယ် လူရွယ်၊ သက်ကြီးပိုင်း အများစုတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိ အမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအနီး လှော်ကထား တိုက်နယ်ဆေးရုံသို့ အနီးဆုံး သွားရောက်ကုသနိုင်ပါသည်။

ကျေးရွာတွင် အုတ်စီရေတွင်း၊ အဝီစိတွင်းများတူး၍ မော်တာဖြင့် ရေမောင်းတင်ကာ သောက်ရေ၊ သုံးရေများကို အသုံးပြုကြပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် စာမတတ်သူဦးရေမှာ ၁၉.၅% ခန့်ရှိသဖြင့် ပညာရေးအဆင့်အတန်း အသင့်အတင့်ရှိပါသည်။ လက်ရှိကျောင်းတက်နေသည့် ကျောင်းသားဦးရေ၊ ဘွဲ့ရရှိသူများနှင့် တက္ကသိုလ် ပညာသင်ကြားသူဦးရေများအသင့်အတင့်ရှိပါသည်။ကျေးရွာတွင် မူလတန်းကျောင်းသာရှိသဖြင့် ပညာရေးအတွက် အခက်အခဲဖြစ်စေပါသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည် နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစု အတွင်း ကျား/ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ပညာရေးနှင့် ဆိုင်သော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကိန်းဂဏန်းများတွင် ကျား/ မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသား၊ အမျိုးသမီးများသည် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ဆိုနိုင်ပါသည်။ နေ့တွက်လုပ်အားခငွေများ မှာ လုပ်အားစိုက်ထုတ်ရမှုပေါ်မူတည်၍ အနည်းငယ်ကွာခြားပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်း များ တွင် အမျိုးသမီးပါဝင်မှုမရှိသော်လည်း လူမှုရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ကူညီဆောင်ရွက် ကြပါသည်။ ကျား/မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာ ပေးခြင်းများကို မြှင့်တင် ဆောင်ရွက် ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

# ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် သီးသန့်ဖွဲ့စည်းထားသော အဖွဲ့များ သီးသန့်မရှိသော်လည်း ကျေးရွာ၏ သာရေး၊ နာရေးနှင့် လူမှုရေးလုပ်ငန်းများတွင်လည်း ကျေးရွာရှိ ပြည်သူများ ပူးပေါင်းပါ ဝင်ဆောင်ရွက်လျက်ရှိပါ သည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဖွဲ့စည်းထားသော စိုက်ပျိုးမွေးမြူရေး သမချေးငွေအဖွဲ့ နှင့် Pact Myanmar ငွေစုငွေချေးအဖွဲ့များ ကျေးရွာတွင်းရှိပြီး ကျေးရွာလူထုမှ အဖွဲ့ဝင်များ အဖြစ် ပါဝင်ကြပြီး ချေးငွေရယူသူများ ရှိပါသည်။

ကျေးရွာတွင် ဈေးဆိုင်လေးများရှိပြီး (၃) မိုင်ခန့်အကွာရှိ ၊ လှော်ကထား ကျေးရွာဈေးနှင့် ငါးသိုင်းချောင်းမြို့နှင့် လေးမျက်နှာမြို့ဈေးများသို့လည်း သွားရောက်ဝယ်ယူရရှိနိုင်ပြီး ပစ္စည်းစုံလင်စွာ ရရှိနိုင်ပေသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါးနှင့် ဆောင်းစပါးကို အဓိက စိုက်ပျိုးပြီး မတ်ပဲနှင့် သီးပင်စားပင်များလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။ အချို့သော အိမ်ထောင်စုများမှာ မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြသည်။ ကျေးရွာအတွင်း လယ်ယာမြေ (၃၅၀) ကေခန့်၊ ဥယျာဉ်ခြံ (၅) ကေခန့်၊ စားကျက်မြေ (၁၀) ကေခန့်၊ စုစုပေါင်း (၃၆၅) ကေ ခန့်ရှိသဖြင့် လယ်ယာမြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ မိုးစပါးတစ်ကေ ပျမ်းမျှအထွက်နှုန်းမှာ (၅၀) တင်းနှုန်း၊ ဆောင်းစပါး တစ်ကေ ပျမ်းမျှအထွက်နှုန်းမှာ (၇၀) တင်းနှုန်းထွက်ရှိသည်။ သီးနှံစိုက်ခင်းများတွင် နှစ်စဉ်နှစ်တိုင်း ဖျက်ပိုးကျရောက်မှု အသင့်အတင့်ရှိပါသည်။ သယ်ယူပို့ဆောင်ရေးအတွက် ကုန်းလမ်းကို အဓိကအသုံးပြုပါသည်။

ကျေးရွာတွင် ကိုယ်ပိုင် လက်တွန်းထွန်စက်များ၊ ရိတ်ခြွေစက်၊ ခြွေလှေ့စက်နှင့် ရေစုပ်စက်များဖြင့် လုပ်ကိုင်သူများရှိသကဲ့သို့ လယ်ယာမြေနည်းပါးသူများမှာလည်း စက်များငှားရမ်း၍လည်းကောင်း၊ နွားများဖြင့်လည်းကောင်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးသဖြင့် ကျေးရွာမှ ကျပန်း အလုပ်သမားများအတွက် အလုပ်အကိုင် အသင့်အတင့်ရှိပြီး နီးစပ်ရာကျေးရွာများသို့လည်း နေ့စားအဖြစ် သွားရောက်လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် နွားမွေးမြူသူ အိမ်ထောင်စု ၉.၅% ခန့်၊ ဆိတ်မွေးမြူသူ ၄.၇ % ခန့်၊ ဝက်မွေးသူ အိမ်ထောင်စုမှာ ၃၇.၈% ခန့်၊ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာ ၆၃% ခန့်နှင့် ဘဲမွေးမြူသူ ၂၂.၈% ခန့်ရှိပါသည်။ စီးပွားဖြစ် ကြက်မွေးမြူသည့် အိမ်ထောင်စုတစ်စုလည်းရှိပါသည်။ ရာသီအလိုက် ဖြစ်ပွား တတ်သော တိရိစ္ဆာန်ရောဂါများ ရံဖန်ရံခါကျရောက်တတ်သည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူ သည့် အိမ်ထောင်စုအရေအတွက်နှင့် မွေးမြူသည့်ကောင်ရေ အသင့်အတင့်သာ ရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမရှိပါ။ ကျေးရွာအနီးရှိ မြို့များသို့ သွားရောက်ကာ စက်ရုံ၊ အလုပ်ရုံ ဝန်ထမ်းများအဖြစ် လုပ်ကိုင်ကြသူများ၊ ဈေးရောင်းခြင်း၊ စက်ချုပ်၊ ဒိန်းဒေါင်း မောင်း၊ သယ်ယူပို့ဆောင်ရေး၊ ဝန်ထမ်းများနှင့် လက်သမား/ ပန်းရံ လုပ်ကိုင်သူများသာရှိပါသည်။

လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လုပ်သက်နှင့် ပညာအရည်အချင်းအလိုက် လစာအမျိုးမျိုး ရရှိကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ အသင့်အတင့်ရှိပြီး လူ့အရင်းအမြစ် အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဝန်ဆောင်မှုပေးနိုင်သည့် သင်တန်းများရှိသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြ သည်။ ထို့ကြောင့် လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်း ကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတု မြေ သြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ စွန့်ပစ် ပစ္စည်း စီမံ ခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျစွန့်ပစ်ရန် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးစေလိုပါသည်။ မြေပြန့်ဒေသအပိုင်းတွင် တည်ရှိပြီး ကျေးရွာ၏ ဘေးပတ်ဝန်းကျင်မှာ လယ်ယာမြေများနှင့် သစ်ပင်များဖြင့် စိမ်းလန်းစိုပြေနေ၍ မိုးခေါင်ခြင်းသဘာဝအန္တရာယ်မှာ အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေ ကို တစ်လအတိုးနှုန်း ၇၀ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူ နိုင်ကြသည်။ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) မှလည်း လုပ်ငန်းအလိုက် အတိုးနည်း ချေးငွေ ရယူနိုင်ကြသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ကျောင်းမြေ ဧရိယာ(၁) ဧကတွင် ၆၀'×၄၀'ရှိ စာသင်ဆောင်(၁) ဆောင်၊၃၀'×၄၀'ရှိစာသင်ဆောင်(၁)ဆောင်တို့ရှိပြီး စုစုပေါင်း စာသင်ကျောင်းဆောင် (၂)ဆောင်ရှိပါသည်။ စာသင်ခန်း (၅) ခန်းရှိပြီး ဆရာ/ ဆရာမဦးရေ(၅)ဦးဖြင့် သင်ကြားလျက်ရှိပါသည်။ တက္ကသိုလ်ပညာရေးကို ဟသင်္ာတမြို့တွင် သွားရောက်သင်ယူ ရပါသည်။

ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ဆေးဝါးကုသလိုမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုကို လှော်ကထားတိုက်နယ်ဆေးရုံသို့ အဓိကသွားရောက်ကုသကြပါသည်။ အရေးပေါ်လိုအပ်ပါက ၁၅ မိုင်ကျော်ခန့်အကွာရှိ လေးမျက်နှာမြို့နယ် ဆေးရုံနှင့် ဟင်္သာတပြည်သူ့ဆေးရုံကြီးသို့လည်းသွားရောက်ကုသနိုင်ပါသည်။ သောက်သုံးရေအတွက် အုတ်စီရေတွင်းနှင့် အဝီစိတွင်းများမှ ရေကို မော်တာဖြင့် တင်၍ အသုံးပြုကြသော်လည်း ရေများမှာ အဆီဝေ့တက်ခြင်း၊ ရေဝါခြင်းများကြောင့် တိုကင်ရေများမှာ သောက်သုံးရ အဆင်မပြေပါ။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပလေ့ရှိပါသည်။ လူငယ်အချို့သည် အရက်သေစာသောက်စားမှု အနည်းငယ် ရှိကြသော်လည်းလူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်းပူးပေါင်းပါဝင်မှုများရှိသည်။ လူငယ်များအသိဉာဏ် ဖွံ့ဖြိုးရေး အတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်လည်း လိုအပ်လျှက်ရှိပါသည်။

## (ဇ) အခြေခံအဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းလမ်းမှာ စုစုပေါင်း ပေ (၃၆၀၀) ကျော် ခန့်ရှိပြီး မြေသားလမ်းအဆင့်သာဖြစ်ပါသည်။ သို့ပါ၍ မိုးတွင်းကာလ လမ်းပျက်စီးမှုများ၊ ရွှံ့ဗွက်ထခြင်းများ ဖြစ်လေ့ရှိပါသည်။ အခြားကျေးရွာများ မှာလည်း မိမိတို့ကျေးရွာလမ်းမှတစ်ဆင့် မြို့နှင့် ဆက်သွယ်သွားလာရသဖြင့် ပတ်ဝန်းကျင်ကျေးရွာများ၏ ပင်မလမ်းကြောင်းလည်းဖြစ်ပါသည်။ ရွာချင်းဆက်လမ်းများ အနေဖြင့် လဲခုံကြီး၊ မှန်စီ၊ အောင်ဇံကွင်း၊ စောပြာ ကျေးရွာများနှင့် ဆက်သွယ်သော လမ်းများရှိပြီး အခြားကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးအတွက် အဓိကအသုံးပြုရသော လမ်းများဖြစ်ပါသည်။ ကျေးရွာတွင် လဲခုံကြီးချောင်းအား ဖြတ်ကူးသော ကြိုးတံတား တစ်စင်းသာရှိပါသည်။

ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ဆိုလာမီးများ၊ ဘတ္တရီမီးများ အသုံးပြုနေရပါသေးသည်။ ချက်ပြုတ်စားသောက်ရာတွင် ထင်းမီး၊ ဖွဲမီး စသဖြင့် အသုံးပြုကြပါသည်။ ဆိုလာမီးများ၊ ဘတ္တရီမီးများ အသုံးပြု နိုင်သော အိမ်ထောင်စုများမှာ ကျောင်းသူ/ သားများ၏ စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ် ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ကြပါ သည်။ ချို့တဲ့သောအိမ်ထောင်စုများတွင် ဖယောင်းတိုင်မီးများ၊ ရေနံ ဆီမီးများကို အသုံးပြုကြရသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်ထောင်စုအများအပြား လက်ကိုင်ဖုန်းများ

အသုံးပြုနိုင်သဖြင့် အင်တာနက်အသုံးပြုနိုင်မှုမှာလည်း အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်မှုရှိပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် ဆက်သွယ်သိရှိနိုင်သည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။

## ၅။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုများအဖြစ် ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ မိုးတွင်းကာလ လမ်းပျက်စီးခြင်း၊ ကျောင်းခြံစည်းရိုး မကောင်းခြင်း၊ သောက် သုံးရေ လုံလောက်စွာမရရှိခြင်း၊ ဆရာ/ ဆရာမ ဝန်ထမ်းအိမ်ရာများမရှိခြင်းတို့မှာ အဟန့်အတားများ အဖြစ်ရှိနေပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်_

က.၁) ကျေးရွာအတွင်း အခြေခံအဆောက်အဦများရရှိရေး ဆောင်ရွက်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝကို တိုးတက်ရရှိစေမည်။

က.၂) ပညာရေးဆိုင်ရာ အထောက်အပံ့များရရှိရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူထု ပညာရေးကို အထောက်အပံ့ဖြစ်စေမည်။

က.၃) သောက်သုံးရေလုံလောက်စွာ ရရှိရေးဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူထု၏ ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) အခြေခံအဆောက်အဦဖြစ်သည့် ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၂) ပညာရေးဆိုင်ရာ အထောက်အပံ့အဖြစ် ကျောင်းခြံစည်းရိုးကာရံခြင်း၊ မူကြိုကျောင်းနှင့် ဆရာ/ ဆရာမဝန်ထမ်းအိမ်ရာ စသဖြင့် အထောက်အပံ့များ ရရှိရေး သက်ဆိုင်ရာ ပညာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၃) သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် စက်ရေတွင်း တူးဖော်နိုင်ရေး သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည် တည်တံ့မည့် အထောက်အပံ့ များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိ ခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များ နှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) ကျေးရွာတွင်း အခြေခံအဆောက်အဦများ ရရှိနိုင်ရေးဆောင်ရွက်ခြင်း

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သဖြင့် မိုးတွင်းကာလ လမ်းပျက်စီးမှုများ ကြုံတွေ့ရလေ့ရှိပြီး ပတ်ဝန်းကျင်ကျေးရွာများမှာလည်း အဓိက ဆက်သွယ်ရေးလမ်းအဖြစ် အသုံးပြုကြသဖြင့် ရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရေး၊ ရွာချင်းဆက်လမ်းများဖြစ်သည့် လဲခုံကြီး၊ အောင်ဇံကွင်နှင့် စောပြာ ကျေးရွာများသို့ ဆက်သွယ်သည့် လမ်းများအားလည်း ကွန်ကရစ်လမ်း အဖြစ်

အဆင့်မြှင့်တင်ပေးရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနများသို့ ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

**(ဂ) ပညာရေးဆိုင်ရာ အထောက်အပံ့များ ရရှိရေးဆောင်ရွက်ခြင်း**

ကျေးရွာတွင်းရှိ မူလတန်းကျောင်း၏ ခြံစည်းရိုးမှာ ပျက်စီးယိုမှုယွင်းနေပြီဖြစ်သဖြင့် ကျောင်းခြံစည်းရိုးရရှိရေး၊ ကျောရွာတွင်း မီခင်ဝိုင်းများထူထောင်နိုင်ရေး၊ ဆရာ/ဆရာမ ဝန်ထမ်းအိမ်ရာ ရရှိရေး စသဖြင့် ပညာ ရေးအထောက်အပံ့များ ရရှိရေး သက်ဆိုင်ရာ ပညာရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့် ချိတ်ဆက် ဆောင်ရွက် သွားပါမည်။

**(ဃ) သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်ခြင်း**

ကျေးရွာတွင် သောက်သုံးရေအဖြစ် အုတ်စီရေ (၂)တွင်းမှ ရေကိုသာ သောက်သုံးကြ ရပြီး တိုကင်ရေများမှာ ရေဝါခြင်း၊ အဆီဝေ့ခြင်းများ ဖြစ်သဖြင့် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရေး စက်ရေတွင်း တူးဖော်ရန် သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု ဦးစီးဌာနများသို့ ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မှုဘောင်သည် သဘာဝဘေးအန္တရာယ် ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်း လုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာ အရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုးရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူ အညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်_

## ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စု၊ ကွင်းကြီးကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အအုံ* | | | | | |
| | ၁။ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင် | ၁၀၀ | ၁ | - ကျေးရွာတွင်းလမ်းများအနက် ဆောင်ရွက်ရန်ကျန်ရှိသော လမ်းပိုင်းများအား ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ရန် (ရွာတွင်းလမ်း ၃၆၀၀ ပေ ခန့်တွင် ၉၂၀' ခန့်အား ၂၀၂၃-၂၀၂၄ ခုနှစ်တွင် VDP ဖြင့်ဆောင်ရွက်မည်ဖြစ်ပါသည်) | ကျေးလက် ဦးစီးဌာန |
| | ၂။ ရွာတွင်းလမ်းမကြီးကွန်ကရစ် ဘီးလမ်းခင်းခြင်း | ၉၉ | ၂ | - ကျေးရွာတွင်းလမ်းများအနက် ရွာတွင်းလမ်းမကြီး လမ်းပိုင်း များအား ကွန်ကရစ်ဘီးလမ်းအဖြစ်ဆောင်ရွက်ရန် (ရွာတွင်းလမ်း ၃၆၀၀ ပေ ခန့်တွင် ၉၂၀ ခန့်အား VDP ဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပြီး ဆောင်ရွက်ရန် ကျန်သည့် ၂၆၈၀ပေအနက်မှ ၁၀၀၀ပေအား ကျေးလက်ဦးစီး (စံပြရန်ပုံငွေ)ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်) | ကျေးလက် ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ၃။ ကျေးရွာအဝင်ဆိုင်းဘုတ် ပြုလုပ်ခြင်း | ၉၇ | ၃ | - ကျေးရွာအဝင်ဆိုင်းဘုတ်(၈'x ၉')အား (ကျေးလက်ဦးစီး စံပြရန်ပုံငွေ)ဖြင့် ဆောင်ရွက်သွားမည်ဖြစ် ပါသည်။ | ကျေးလက် ဦးစီးဌာန |
| | ၄။ ကျေးရွာစည်းရိုးဂိတ်တံခါး ပြုလုပ်ခြင်း | ၉၆ | ၄ | - ကျေးရွာအဝင်စည်းရိုးတံခါး(၉'x ၇' x ၅'')အား (ကျေးလက်ဦးစီး စံပြရန်ပုံငွေ)ဖြင့် ဆောင်ရွက်သွားမည်ဖြစ် ပါသည်။ | ကျေးလက် ဦးစီးဌာန |
| | ၅။ Mini -Grid မီးလင်းရေးလုပ်ငန်း | ၉၅ | ၅ | - ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါ သည်။ | ကျေးလက် ဦးစီးဌာန |
| | ၆။ ကွင်းကြီး-မှန်စီချောင်းကူးတံတား | ၆၇ | ၃၃ | - ကွင်းကြီး-မှန်စီချောင်းကူးကြိုးတံတား(၂၂၀')အား သံကူကွန်ကရစ် တံတားတည်ဆောက်ပေးရန်။ (၂၀၂၄-၂၀၂၅ ခုနှစ်တွင် လျာထား ဆောင်ရွက်မည်ဖြစ်ပါသည်) | ကျေးလက် လမ်းဦးစီးဌာန |
| | ၇။ကွင်းကြီး-လဲခုံကြီး ကျေးရွာချင်းဆက်လမ်း | ၆၆ | ၃၄ | - ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းဦးစီးမှ ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ခွင့်ပြုငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်သွားပါမည်၊ | ကျေးလက် လမ်း ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ၈။ဂါလံ(၂၄၀၀၀)ဆံ့ အမြင့်တင် ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း | ၆၅ | ၃၅ | - ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးမှ ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ခွင့်ပြုငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်သွားပါမည်၊ | ကျေးလက် ဦးစီးဌာန |
| | ၉။ကျေးရွာတွင်းလမ်းမကြီးကွန်က ရစ်ဘီးလမ်းခင်းခြင်း | ၆၃ | ၃၉ | - ကျေးရွာတွင်းဆောင်ရွက်ရန်ကျန်ရှိသော လမ်းမကြီးအား VDP စီမံကိန်းဖြင့် ကွန်ကရစ် ဘီးလမ်းအဖြစ်ဆောင်ရွက်ရန် | ကျေးလက် ဦးစီးဌာန |
| | ၁၀။သုသာန်သွားလမ်းကွန်ကရစ် ခင်းခြင်း | ၅၉ | ၄၃ | - ကျေးရွာတွင်းဆောင်ရွက်ရန် ကျန်ရှိသော သုသာန်သွားလမ်း အား ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ပေးရန် | ကျေးလက် ဦးစီးဌာန |
| | ၁၁။ စောပြာ-အောင်ဇံကွင်း- ကွင်းကြီး ကျေးရွာချင်းဆက်လမ်း | ၅၆ | ၄၆ | - စောပြာ-အောင်ဇံကွင်း-ကွင်းကြီး ကျေးရွာချင်းဆက်လမ်းအား ဆောင်ရွက်ပေးရန် | ကျေးလက် လမ်းဦးစီးဌာန |
| | ၁၂။စာသင်ကျောင်းအုတ်တံတို င်း ကာရံခြင်း | ၅၅ | ၄၇ | - အုတ်တံတိုင်းဖြင့် ကျောင်းခြံစည်းရိုးဆောင်ရွက်ပေးရန် | ပညာရေး ဦးစီးဌာန |
| ***သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှုထောက်ပံ့ကူညီခြင်း*** | | | | | |
| | ၁။ ကျေးရွာမတည်ရန်ပုံငွေစီမံကိ န်း (VRFP) | ၉၄ | ၆ | - လက်ရှိတွင် ကျေးရွာ၌ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်မှ စတင် ၍ အသင်းသား(၈၂)ဦးအား ရန်ပုံငွေ ထုတ်ချေး ဆောင်ရွက်ပြီး ဖြစ်ပါသည်။ | ကျေးလက် ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ၂။လယ်ယာသုံးထွန်စက် ဝယ်ယူ ခြင်း | ၉၃ | ၇ | - ကျေးရွာစိုက်ပျိုးမြေများမှ ထုတ်ကုန်များအချိန်မှီရရှိစေရန် | သမဝါယမ ဦးစီးဌာန |
| | ၃။ ရိတ်သိမ်းခြွေလှေ့စက် | ၆၂ | ၄၀ | - ကျေးရွာစိုက်ပျိုးမြေများမှ ထုတ်ကုန်များအား အချိန်မှီ ဈေးကွက် သို့ ရောက်ရှိစေရန် | သမဝါယမ ဦးစီးဌာန |
| **အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်စီးပွားမြင့်မားရေး** | | | | | |
| | ၁။ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း | ၉၂ | ၈ | - ကျေးရွာရှိရန်ပုံငွေရရှိရေးဆောင်ရွက်ရန် | ကျေးလက် ဦးစီးဌာန |
| | ၂။ စိုက်ပျိုးရေးဆိုင်ရာအသိပညာပေး သင်တန်း(GAP) | ၉၁ | ၉ | - ကျေးရွာစိုက်ပျိုးရေးသီးနှံများ အထွက်တိုးစေရန်နှင့် ဈေးကွက် ကောင်းမွန်စွာရရှိစေရန် | စိုက်ပျိုးရေး ဦးစီးဌာန |
| | ၃။မွေးမြူရေးဆိုင်ရာ အသိပညာပေး သင်တန်း(GAHP) | ၉၀ | ၁၀ | - ကျေးရွာတွင်း မွေးမြူရေး တိရစ္ဆာန်များ စနစ်တကျ မွေးမြူ တတ်စေရန် | မွေးကု ဦးစီးဌာန |
| | ၄။ ကြက်ခြေပြာသင်တန်း | ၈၉ | ၁၁ | - ကျေးရွာတွင်း မွေးမြူရေး တိရစ္ဆာန်များ စနစ်တကျ မွေးမြူ တတ်စေရန် | မွေး/ကု ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ၅။အခြေခံစာရင်းအင်းနှင့်စာရင်းကိုင် သင်တန်း | ၈၈ | ၁၂ | - ကျေးရွာသူ/သားများအား ငွေစာရင်းလုပ်ငန်း စနစ်တကျ ဆောင်ရွက်တတ်စေရန် | သမဝါယမ ဦးစီးဌာန |
| | ၆။စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှု ဆိုင်ရာသင်တန်း | ၈၇ | ၁၃ | - ကျေးရွာသူ/သားများအား စီမံခန့်ခွဲမှု နှင့်ခေါင်းဆောင်မှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်တတ်စေရန် | သမဝါယမ ဦးစီးဌာန |
| | ၇။ဆိုင်ကယ်ပြင်သင်တန်း | ၆၄ | ၃၆ | - ကျေးရွာရှိလူငယ်များအတွက် အသက်မွေးဝမ်းကြောင်း ပညာ ရပ်များ သင်တန်းဖွင့်လှစ်ဆောင်ရွက်ရန် | ကျေးလက် ဦးစီးဌာန |
| | ၈။လက်သမား/ပန်းရံသင်တန်း | ၆၁ | ၄၁ | - ကျေးရွာရှိလူငယ်များအတွက် အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်တန်းဖွင့်လှစ်ဆောင်ရွက်ရန် | စက်မှု လယ်ယာ/ ကျေးလက် ဦးစီးဌာန |
| | ၉။သံဂဟေဆက်သင်တန်း | ၅၈ | ၄၄ | - ကျေးရွာရှိလူငယ်များအတွက် အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်တန်းဖွင့်လှစ်ဆောင်ရွက်ရန် | စက်မှု လယ်ယာ/ ကျေးလက် ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
